Future Light Youth Development Organization
Bogyoke Road, Monywa Township, Sagaing Region, Ph 09-401504504, 09- 942230099
FLYDO

# အလုပ်ခေါ်ယူခြင်းကြေငြာချက်

ရက်စွဲ။

| | |
|---|---|
| အလုပ်အကိုင်အမျိုးအမည် | Nutrition Assistant |
| ဌာန | Program Department |
| ခေါ်ယူမည့်ဦးရေ | ၅ |
| သက်တမ်းကာလ | ၂၀၂၅ခုနှစ်၊ စက်တင်ဘာလအထိ။ |
| တည်နေရာ | စစ်ကိုင်း နှင့် မကွေးတိုင်းဒေသကြီး’ |
| အလုပ်အကိုင်အမျိုးအစား | အချိန်ပြည့်အလုပ် |

**FLYDO အဖွဲ့အစည်းအကြောင်း**

(Future Light Youth Development Organization) သည် မြန်မာနိုင်ငံအတွင်း အရင်းအမြစ်များကို ထိရောက်စွာ အသုံးချ၍ ကျရောက်နေသော သဘာဝပတ်ဝန်းကျင် ပြဿနာများကို ဖြေရှင်းရန်နှင့် ဒေသခံ လူထု၏ စွမ်းဆောင်ရည် တိုးတက်မှုကို အားဖြည့်ပေးသည့် အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ အဖွဲ့အစည်း၏ ရည်မှန်းချက်မှာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် လူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး တို့ကို မြှင့်တင်ပေးရန် ဖြစ်ပါသည်။ FLYDO သည် ဒေသခံ လူမှုအဖွဲ့အစည်းများကို အတူတကွ ကူညီအားဖြည့်ပေးပြီး လူ့အရင်းအမြစ်စွမ်းရည်များကို တိုးတက်စေရန် အဓိကထား ဆောင်ရွက် နေလျက်ရှိပါသည်။ ယင်းနည်းလမ်းများဖြင့် မြန်မာနိုင်ငံအတွင်း ရေရှည် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေး ဆောင်ရွက်လျက်ရှိပါသည်။

**အဓိကတာဝန်များ**

**အစီအစဉ် အကောင်အထည်ဖော်ခြင်း။**

- WFP လုပ်ဆောင်ချက် 2 အရ အာဟာရဆိုင်ရာ ပံ့ပိုးကူညီပေးမှုများအား စီစဉ်ခြင်း၊ အကောင်အထည်ဖော်ခြင်းတို့ကို လုပ်ဆောင်ပေးရမည်။
- မိခင်များ၊ ပြုစုစောင့်ရှောက်သူများနှင့် ထိခိုက်လွယ်သောအုပ်စုများအပါအဝင် သတ်မှတ်ထားသော ရပ်ရွာအဖွဲ့ဝင်များအား အာဟာရဆိုင်ရာပညာပေးသင်တန်းများ ပေးပို့ရာတွင် ကူညီဆောင်ရွက်ပေးရမည်။
- ဒေသတွင်းရရှိနိုင်သောအရင်းအမြစ်များကိုအသုံးပြု၍ အာဟာရပြည့်ဝပြီး ကျန်းမာရေးအရသင့်လျော်သောအစားအစာများပြင်ဆင်မှုမြှင့်တင်ရန် ချက်ပြုတ်သရုပ်ပြမှုများကို စုစည်းပြီး ဦးဆောင်ပြုလုပ်ပေးရမည်။
- WFP နှင့် FLYDO စံချိန်စံညွှန်းများနှင့်အညီ စားနပ်ရိက္ခာနှင့် အာဟာရဆိုင်ရာ ပစ္စည်းများ ဖြန့်ဝေပေးမှုတွင် ပါဝင်ဆောင်ရွက်ပါ။

**အချက်အလက်စုဆောင်းခြင်းနှင့် အစီရင်ခံခြင်း**

- အာဟာရဆိုင်ရာရလဒ်များကို စောင့်ကြည့်လေ့လာရန် အိမ်ထောင်စုအဆင့် မှတ်တမ်းများနှင့် အကဲဖြတ်မှုများ လုပ်ဆောင်ရမည်။
- စီမံကိန်းဆိုင်ရာ ပတ်သက်သော လှုပ်ရှားမှုများတွင် ပါဝင်တက်ရောက်ခြင်း၊ အချက်အလက်များဖြန့်ဝေပေးခြင်း၊ အာဟာရညွှန်းကိန်းများကို တိကျမှန်ကန်စေရန်အချက်အလက်များကို ထိန်းသိမ်းလုပ်ဆောင်ရမည်။
- ချက်ပြုတ်သရုပ်ပြမှုများ၏ရလဒ်များကို မှတ်တမ်းတင်ပြီး ရေရှည်အစီအစဉ်များအတွက်အကြံပြုလုပ်ဆောင်ရမည်။
- စီမံကိန်းအရာရှိထံ အချိန်နှင့်တပြေးညီ တိကျသော တိုးတက်မှုအစီရင်ခံစာများကို ပြင်ဆင်ပြီး တင်ပြရမည်။

**ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံမှု**

- အာဟာရဆိုင်ရာ လှုပ်ရှားမှုများတွင် ပါဝင်မှုမြင့်တင်ရန် ရပ်ရွာဆိုင်ရာ သက်ဆိုင်သူများနှင့် ဆက်ဆံရေးတည်ဆောက်ရမည်။
- မိခင်နှင့် ကလေးကျန်းမာရေးကို အဓိကထားသော အာဟာရဆိုင်ရာ ထိရောက်ကျင့်သုံးနိုင်ရေးအတွက် တစ်ဦးချင်းဆွေးနွေးခြင်း သို့မဟုတ် အုပ်စုဆွေးနွေးပွဲများ ပြုလုပ်ပေးပါ။
- စီမံကိန်းအဖွဲ့နှင့်ပူးပေါင်းကာ ရပ်ရွာအသိုင်းအဝိုင်း၏ စိုးရိမ်မှုများနှင့် တုံ့ပြန်ချက်များကို ဖြေရှင်းဆောင်ရွက်ရမည်။

**စီမံအုပ်ချုပ်ရေးဆိုင်ရာပံ့ပိုးမှု**

- သင်တန်းများ၊ အလုပ်ရုံများ၊ ချက်ပြုတ်သရုပ်ပြခြင်းနှင့် ရပ်ရွာလူထုအသိပညာပေးပွဲများကို ပြင်ဆင်ခြင်းနှင့် စီစဉ်ခြင်းတို့တွင် ကူညီဆောင်ရွက်ပေးရမည်။
- တက်ရောက်သူမှတ်တမ်းများ၊ အစည်းအဝေးမှတ်တမ်းများနှင့် လှုပ်ရှားမှုမှတ်တမ်းများအပါအဝင် ပရောဂျက်ဆိုင်ရာ စာရွက်စာတမ်းများကို ပြုလုပ်ကာ မှတ်တမ်းတင်ထားရမည်။
- ပရောဂျက် အကောင်အထည်ဖော်မှုနှင့် ဆက်စပ်သော ထောက်ပံ့ပစ္စည်းများ၏ စာရင်းအင်းအား မှန်ကန်စွာ စီမံခန့်ခွဲနိုင်ရမည်။

**ပူးပေါင်းဆောင်ရွက်မှုနှင့်ညှိနှိုင်းမှု**

- ပရောဂျက်ရည်မှန်းချက်များ အောင်မြင်စေရန် အသင်းအဖွဲ့ဝင်များ၊ ဒေသတွင်းအာဏာပိုင်များနှင့် အခြားကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

- WFP ကိုယ်စားလှယ်များနှင့် အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းမှုများတွင် အထက်အရာရှိကို ကူညီဆောင်ရွက်ပေးရမည်။
- ပုံမှန်အဖွဲ့အစည်းအဝေးများနှင့် အစီအစဉ်ဆွဲသည့်အစည်းအဝေးများတွင် ပါဝင်လုပ်ဆောင်ရမည်။

**အရည်အချင်းများနှင့် လိုအပ်ချက်များ**

- အာဟာရနှင့် ပြည်သူ့ကျန်းမာရေး၊ ရပ်ရွာဖွံ့ဖြိုးရေး၊ သို့မဟုတ် သက်ဆိုင်ရာနယ်ပယ်တွင် ဒီပလိုမာ သို့မဟုတ် ဘွဲ့ရရှိထားသူဖြစ်ရမည်။
- အာဟာရနှင့် ပြည်သူ့ကျန်းမာရေး သို့မဟုတ် ဖွံ့ဖြိုးရေးတိုးတက်ရေးပရောဂျက်များတွင် အနည်းဆုံး အတွေ့အကြုံ တစ်နှစ်ရှိရမည်။
- ရပ်ရွာလူထုအသိုင်းအဝိုင်းနှင့်ပတ်သက်သော လှုပ်ရှားမှုများသို့ပါဝင်ခဲ့သည့် အတွေ့အကြုံ၊ WFP နှင့် ပူးပေါင်းဆောင်ရွက်မှု အတွေ့အကြုံရှိပါက ပိုမိုအဆင်ပြေမည်ဖြစ်သည်။

အရည်အချင်းနှင့် ကျွမ်းကျင်မှုများ

- အထူးသဖြင့် မိခင်နှင့်ကလေးကျန်းမာရေးအတွက် အာဟာရဆိုင်ရာ သဘောတရားများကို ခိုင်မာစွာသိရှိနားလည်ထားရမည်။
- ချက်ပြုတ်ရေး သရုပ်ပြမှု စီစဉ်ခြင်းနှင့် ဦးဆောင်လုပ်ကိုင်ခြင်း အတွေ့အကြုံရှိရမည်။
- အထူးသဖြင့် ပြောဆိုဆက်ဆံမှု ကောင်းမွန်ပြီး လူမှုဆက်ဆံရေးကျွမ်းကျင်အဆင်ပြေစေရမည်။
- ရပ်ရွာအသိုင်းအဝိုင်းအခြေပြု ဖွံ့ဖြိုးတိုးတက်ရေးနှင့် အာဟာရဆိုင်ရာ လှုပ်ရှားမှုများကို စိတ်အားထက်သန်စွာလုပ်ကိုင်ဆောင်ရွက်လိုသူဖြစ်ရမည်။
- စနစ်တကျ လုပ်ကိုင်နိုင်သောသူ၊ အသေးစိတ်အချက်အလက်များကို သတိပြုလေ့လာနိုင်သောသူနှင့် ကိုယ်တိုင်စွမ်းဆောင်ရည်ရှိသောသူ ဖြစ်ရမည်။
- လိုအပ်ပါက လူသူရှားသောအရပ်ဒေသများသို့ ခရီးသွားရောက်လုပ်ကိုင်ရန် စိတ်အားထက်သန်သူ ဖြစ်ရမည်။

**လုပ်ငန်းအခြေအနေများ**

စီမံကိန်းလိုအပ်ချက်အရ မြန်မာနိုင်ငံအတွင်း ခရီးသွားလာနိုင်ခြေရှိသော မြို့နယ်အများအပြားတွင် အခြေစိုက်လုပ်ကိုင်ရမည်။

**လျှောက်ထားရန်**

စိတ်ဝင်စားသူများသည် အလုပ်လျှောက်လွှာစာ၊ ကိုယ်ရေးရာဇဝင်၊ သက်ဆိုင်သော အထောက်အထားများနှင့် မျက်နှာခတ်ပုံတစ်ပုံကို flydomyanmar@gmail.com သို့ အီးမေးလ်ပို့လျှောက်ထားရမည်။

အီးမေးလ်မှတစ်ဆင့် ပေးပို့ပါက လျှောက်ထားမည့်ရာထူး၊ နာမည်နှင့် လိပ်စာတည်နေရာတို့ကို ပူးတွဲပေးပို့ရမည်။

FLYDO သည် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှုနှင့် နှောင့်ယှက်မှု (PSEA)တို့ကို လုံးဝ ခွင့်မပြုသောမူဝါဒ ရှိပါသည်။ ဝန်ထမ်းများအားလုံးသည် အမြင့်ဆုံးစံနှုန်းများကို လိုက်နာကြပြီး FLYDO ၏ အထက်ဖော်ပြပါမူဝါဒကို အပြည့်အဝလိုက်နာရန် မျှော်လင့်ပါသည်။ ဤမူဝါဒကို ချိုးဖောက်ပါက အလုပ်ရပ်စဲခြင်း အပါအဝင် စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများ ဖြစ်ပေါ်လာမည်ဖြစ်သည်။